# ပြည်နယ်အဆင့်

# ကဏ္ဍပေါင်းစုံပါဝင်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် လူမှုရေးဝန်ကြီးပြောကြားမည့် အဖွင့်အမှာစကား

ယနေ့ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ကရင်ပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးနှင့်တကွ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ခရိုင်/ မြို့နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နီးနွယ်ဆက်စပ်ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ လို့ဦးစွာ နှုတ်ခွန်းဆက်သ ပါတယ်။

(၂၀၁၇)ခုနှစ် ဇန်နဝါရီလ(၂၅)ရက်နေ့မှ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ မှာကျင်းပခဲ့သော အစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန် ချက်များအရ အာဟာရဌာနခွဲအနေနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့

အစည်းများ၊ ပြည်ပမှ ပညာရှင်များ၏အကြံပြုချက်များရယူကာ မြန်မာနိုင်ငံ အတွင်း ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ် စီမံကိန်း (Multi-sectoral National Plan of Action on Nutrition) ကို ရေးဆွဲပြီးဖြစ်ပါတယ်။ ထိုစီမံကိန်းကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးသို့ အသိပေးညှိနှိုင်းဆွေးနွေးပွဲကို (၂၀၁၉)ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းသိရပါတယ်။

ထိုကဏ္ဍပေါင်းစုံပါဝင်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (Multi- sectoral National Plan of Action on Nutrition) ၏ ကနဦး ကာလဖြစ်သောပထမနှစ်တွင် ဦးစားပေးရွေးချယ်ထားသော တိုင်းဒေသကြီး/ ပြည်နယ် (၇)ခုရှိ ကြောင်းသိရပါတယ်။ ဤစီမံကိန်းရဲ့ ပထမနှစ်တာကာလ အတွင်း ဦးစားပေး ဆောင်ရွက်မယ့် တိုင်းဒေသကြီး/ ပြည်နယ် (၆)ခုရှိ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြား၍ မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးမှု စီမံကိန်းများ ဆက်လက်ရေးဆွဲနိုင်ပြီး ရေးဆွဲထားသော စီမံကိန်းများအတိုင်း လက်တွေ့လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ဒီအလုပ်ရုံဆွေးနွေး ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရပါတယ်။ ကရင်ပြည်နယ်က တတိယမြောက် ပြည်နယ်ဖြစ်ပြီး၊ ကယားပြည်နယ်နဲ့ ချင်းပြည်နယ်တို့မှာ ဆောင်ရွက်ပြီးစီးသွား ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ကရင်ပြည်နယ်အတွင်း ကွင်းဆင်းလှည့်လည်စဉ် က အချို့သောဒေသတွေမှာ အာဟာရချို့တဲ့နေတဲ့ ပုညက်တဲ့ကျောင်းသားများ တွေ့ရှိခဲ့ရပြီး အချို့မှာ အစာအုပ်စု စုံလင်အောင် စားသောက်နိုင်သည့်

အခြေအနေမျိုးပင် မရှိကြောင်း တွေ့ရှိခဲ့ရ၍ များစွာစိတ်မကောင်းဖြစ်ရပါတယ်။ ကရင်ပြည်နယ်ရဲ့ ပြည်နယ်အဆင့် အာဟာရဆိုင်ရာ Data များကို သိရှိလိုပြီး ဆောင်ရွက်ဖို့ လိုအပ်နေတဲ့ လုပ်ငန်းတွေကို ပြည်နယ်မှ ဆက်စပ်ဌာနများ အားလုံး ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ပြည်နယ်၏ အာဟာရအခြေအနေကို တိုးတက်စေလိုပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်မှ လည်း အာဟာရဆိုင်ရာလုပ်ငန်း များကို အလွန်ပဲစိတ်ဝင်စားပြီး ပံ့ပိုးပေးလိုပါတယ်။

အဲ့ဒါကြောင့် တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအနေနဲ့ ယခု သင်တန်း(၃) ရက်အတွင်း မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်များအတွက် အာဟာရအပေါ် အကျိုးရှိမယ့်လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးအတည်ပြုကြပြီး ချမှတ်ထားသော Guidelinesများ၊ စီမံကိန်းရဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းများကို အသုံးပြု၍ မိမိတို့ပြည်နယ်အတွက် အာဟာရဖွံ့ဖြိုးရေးအပေါ် အကျိုးရှိမယ့် လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေး အတည်ပြုကြပြီး တိုင်းဒေသကြီး/ ပြည်နယ် များအတွက် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများကို ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအားလုံး ပူးပေါင်း၍ မြေပြင်အခြေအနေနဲ့ ကိုက်ညီမယ့်၊ အမှန်တကယ် လက်တွေ့ကျပြီး ဆောင်ရွက်နိုင်မယ့် ကဏ္ဍပေါင်းစုံပါဝင်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်းများကို ဆက်စပ်ဝန်ကြီးဌာန များမှ တာဝန်ရှိသူများအားလုံးပူးပေါင်း၍ လက်တွေ့ကျသော၊ လုပ်နိုင်ကိုင်နိုင်သော စီမံကိန်းများအဖြစ် ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း သွားကြဖို့ တိုက်တွန်းလိုပါတယ်။ ယခု အစည်းအဝေးမှတ်တမ်းကိုလည်း အမြန်ဆုံး ပြန်လည်တင်ပြပေးစေလိုပါတယ်။ ပြည်နယ်အာဟာရဖွံ့ဖြိုးရေး

လုပ်ငန်းအတွက် အကြံပြုချက်များကိုလည်း ယခုအစည်းအဝေးမှာပဲ တင်ပြဆွေးနွေးကြပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။